# ဒုတိယအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး
# (၁/၂၀၁၇)
# မှတ်တမ်း

D/sixth marticar(1)

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| (က) | အရေးပေါ်အစည်းအဝေး (၁/၂၀၁၇)ပထမနေ့ မှတ်တမ်း | | |
| | (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂ |
| | (၂) | ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးခြင်း။ | ၂ |
| | (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၄ |
| | (၄) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၄ |
| | (၅) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြား ခြင်း။ | ၅ |
| | (၆) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၁၁ |







| | | | |
|---|---|---|---|
| | | ပတ်သက်ပြီး ပြည်နယ်အစိုးရမှ စီရင်ဆုံးဖြတ်ပေးရန် ရှိ/မရှိ’ နှင့် စပ်လျဉ်းသည့် မေးခွန်း။ | |
| (ခ) | | ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ ‘လွိုင်လင်ခရိုင်၊ မိုင်းကိုင် မြို့နယ်၊ ခမ်းနားကျေးရွာအုပ်စု၊ မိုင်းကိုင်-လဲချား ကားလမ်းမကြီး (လွိုင်လင်-ရှို့ကုန်း)ဝဲယာရှိတောရိုင်း မြေအား မိုင်းကိုင်မြို့နယ်အတွက် ရွာမြေတိုးချဲ့ဖော်ထုတ်နေရာချထားရေး လျှောက်ထားခြင်းနှင့်ပတ်သက်၍ ခွင့်ပြုနိုင်ခြင်း ရှိ/ မရှိ’နှင့် စပ်လျဉ်း သည့်မေးခွန်း။ | ၂၆ |
| (ဂ) | | ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယ မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ | |
| | (၁) | ‘ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းတယမြို့နယ်၊ မြေခြားချိုင့်ကျေးရွာအုပ်စု၊ ဟဲနင်းကျေးရွာ (ပအိုဝ်းရွာ)ရှိ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်မျက်နှာကျက် တပ်ဆင်ရန်နှင့်အမိုးပြုပြင်ရန် | ၃၁ |

**အတွက်လိုအပ်သည့် ငွေကျပ် (၃၈၂၀၀၀၀/-) (ကျပ်သုံးဆယ့်ရှစ်သိန်း နှစ်သောင်း တိတိ)ကို ထောက်ပံ့ ပေးရန် အစီအစဉ် ရှိ/မရှိ’** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **‘အောင်ဘာလေထီလက်မှတ်အရောင်းဆိုင်များသည်နိုင်ငံတော်အစိုးရက သတ်မှတ်ထားသောဈေးနှုန်းထက် ပို၍ရောင်းချသောအရောင်းဆိုင်များရှိပါက တရားဥပဒေစိုးမိုးရေးကို ရှေးရှု၍နေ့စဉ် လျင်မြန်ထိရောက်စွာမည်သို့အရေးယူ ဆောင်ရွက်နေကြောင်း’**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂

(၃) **‘ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်စာရင်းရုံးများသည် နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ ပြုလုပ်ရန်အတွက်ချမှတ်ထားသော ဘတ်ဂျက်ငွေများ၏စာရင်းဇယားများကိုစစ်ဆေးသည့်အခါ ယခင်နှင့်ယခုအစိုးရ လက်ထက်များတွင်** ၂၄





(၇) ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့နှင့် ပေကျင်းမြို့များသို့ တရားဝင်လေ့လာရေးခရီးစဉ်အား ပြည်နယ် လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ ၁၅

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အစားထိုးပြောင်းလဲတာဝန် ပေးအပ်သည့်တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြု တင်သွင်းခြင်း။ ၁၆

(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။ ၁၇

(၁၀) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူမှ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၁၈

(၁၁) ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၉

(က) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **‘တိုင်ကြားစာများနှင့်** ၂၀

**ခေါင်းစဉ်ပြောင်းပြီး ပြုလုပ်ထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စီမံကိန်း လုပ်ငန်းများ ရှိ/မရှိ**'နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၁၂) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၇)ပထမနေ့ပြီးစီးကြောင်းနှင့် ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၇) ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၄၃

- ဆုံးဖြတ်ခြင်း ၄၄
- မှတ်တမ်းတင်ခြင်း ၄၅

## ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး (၁/၂၀၁၇)
## (ပထမနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်**
**၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၇ ရက်**
**[သောကြာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်အယ်လ်နန်းခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သီတာ၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော





ယခု လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ဖို့ ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌမှကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုပါသည်)**

**ဥက္ကဋ္ဌ။** ကျွန်ုပ်သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။ မိမိနေရာကို ပြန်လည်ထွက်ခွာနိုင်ပါပြီ။ ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ ပေးအပ်ဖို့ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၇) (ပထမနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ(၁၄၁)ဦးရှိသည့်အနက် ယနေ့ အစည်းအဝေး သို့(၁၀၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၇၃. ၀၅%)ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန် တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေ





နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြား အပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက် လာပါပြီ ရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ရှင်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ရှေ့မှောက်၌ ကတိ သစ္စာပြုခြင်းနဲ့ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှ လွှတ်တော် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် နေရာယူပေးဖို့ ဖြစ်ပါတယ်။ ကတိသစ္စာကို တိုင်ပေးတဲ့အခါမှာ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က မိမိအမည်ကိုရွတ်ဆိုဖို့ဖြစ် ပါတယ်။

ထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) (၇-၇-၂၀၁၇ ) ရက်နေ့ ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက





(၁၀) ဦးစိုင်းလိုင်ခမ်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၁) ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၂) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင် လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၃) ဦးအာကာလင်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၄) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၅) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၆) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၇) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၈) ဦးမြင့်ဆွေ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၉) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၀) ဦးဝင်းကျော်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၁) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၂) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၃) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၄) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၅) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၆) ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။



D/real(wide) (4



ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက် ။

(၂) ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၇) ဦးစိုင်းထွန်းဉာဏ် ၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၈) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၉) ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၀) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၁) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၂) ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၃) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၄) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၅) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။





အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)ကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် ယခုလိုတိုတောင်းတဲ့ အချိန်ကာလအတွင်းမှာ ဖိတ်ကြားနိုင်ခဲ့ပြီး အစည်းအဝေးသို့ အချိန်မီ တက်ရောက်လာနိုင်ကြတဲ့အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနဲ့ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အရေးပေါ်အစည်းအဝေး ခေါ်ယူတာ နှစ်ကြိမ်ရှိပြီဖြစ်ပါတယ်။ အမှန်ကတော့ အရေးပေါ်အစည်းအဝေးဆိုတာ တစ်ကယ်လိုအပ်မှသာလျှင် ခေါ်ယူရမဲ့အစည်းအဝေးဖြစ်ပါတယ်။ အထူးအစည်းအဝေးနှင့်

အရေးပေါ်အစည်းအဝေးများ ခေါ်ယူခြင်းနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၂ မှာ လွှတ်တော်အစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင် တယ်လို့ ပြဋ္ဌာန်းထားသလို၊ ပုဒ်မ ၃၃မှာလည်းပဲ လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် ဥက္ကဋ္ဌက အထူးအစည်းအဝေး ကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ၊ အမြန်ဆုံး ခေါ်ယူ ကျင်းပပေးနိုင်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အသစ်ခန့်အပ်တဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကတိသစ္စာ ပြုနိုင်ရေးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အတည်ပြုခန့်အပ် နိုင်ရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒီအရေးပေါ် အစည်းအဝေးကို ခေါ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၃-၇-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၇၄၁၂/ ၅-၁၁၂ /အစရ(ရှမ်း)ဖြင့် ညှိနှိုင်းလာပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယခုလိုအရေးပေါ် အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဇွန်လမှာ ကျင်းပခဲ့တဲ့ ဆဋ္ဌမပုံမှန် အစည်းအဝေးနဲ့ ယခုကျင်းပတဲ့ အရေးပေါ်အစည်းအဝေး ကာလအတွင်းမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အချို့က ကြယ်ပွင့်ပြမေးခွန်းများ ပေးပို့ထားတာ ရှိပါတယ်။ အစိုးရအဖွဲ့က ဖြေကြားပြီးဖြစ်တဲ့ မေးခွန်း(၅)ခုအတွက် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဒီအရေးပေါ် အစည်းအဝေးကာလမှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး





(၁၆) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၁၇) ဗိုလ်ကြီးပေါ်လား၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၁၈) ဗိုလ်ကြီးဆန်းလင်း၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယနေ့ခွင့်ပန်ကြားသူ (၁၈ )ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၈ ) ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြု ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၁၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

ဥပဒေပြုရေးဆိုင်ရာကော်မတီက တွေ့ရှိချက်နှင့် အကြံပြုချက်များပါသော အစီရင်ခံစာကို လွှတ်တော်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လွှတ်တော်ကိုယ်စားလှယ်များထံမှ ဆွေးနွေးလိုသောအချက်များရှိပါက (၇-၇-၂၀၁၇)ရက်နေ့၊ ဒီကနေ့ နောက်ဆုံးထားပြီး ပေးပို့ကြရန်လည်း ကြေညာထားပြီးဖြစ်တဲ့ အတွက် ယင်းဥပဒေကြမ်းကို နောင်ကျင်းပမယ့် ပုံမှန်အစည်းအဝေးမှာပဲ ဆွေးနွေးအတည်ပြုနိုင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးပေါ် အစည်းအဝေးမှာ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းများကို မဆောင်ရွက်နိုင်သော်လည်းလာမယ့် ပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်နိုင်ဖို့ ယခုကတည်းကပင် မေးခွန်းများ၊ အဆိုများပေးပို့ ကြစေလိုပါတယ်။ အထူးသဖြင့် ဥပဒေကြမ်းအသစ်နဲ့ အတည်ပြုပြီးဖြစ်တဲ့ ဥပဒေများနှင့်စပ်လျဉ်းတဲ့ နည်းဥပဒေများကိုလည်း ရေးဆွဲပေးပို့နိုင်ကြဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒီအရေးပေါ်အစည်းအဝေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ညှိနှိုင်းချက်အရ ခေါ်ယူရတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်နယ်အစိုးရအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်အချို့ပါ အစည်းအဝေးသို့စုံလင်စွာ မတက်ရောက်နိုင်တာကို တွေ့ရှိရပါတယ်။ ဒါကလည်း တိုတောင်းတဲ့အချိန်တွင်းမှာ ရုတ်တရက် အစည်းအဝေးခေါ်ယူခြင်း၊ အခြားအစီအမံနှင့် အစီအစဉ်များကို ကြိုတင်မသိရှိနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း မှတ်ယူရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ သီးခြားစီဖြစ်နေသော်လည်း ပူးပေါင်းဆောင်ရွက်ရမည့် အနေအထားရှိမှ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွေမှာ အစိုးရအဖွဲ့ကလည်း လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း ညှိညှိနှိုင်းနှိုင်းဖြင့်





## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့နှင့်ပေကျင်းမြို့များသို့တရားဝင်လေ့လာရေး ခရီးစဉ်အား ပြည်နယ်လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ခေါင်းဆောင်သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ယူနန်ပြည်နယ်၊ ပြည်သူ့ကွန်ကရက်မှ လေ့လာရေးခရီးစဉ်လာရောက်ပါရန် ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့နှင့်ပေကျင်းမြို့များသို့(၁၇-၆-၂၀၁၇) ရက်နေ့မှ(၂၄-၆-၂၀၁၇)ရက်နေ့ထိ အောက်ပါပုဂ္ဂိုလ်များသွားရောက်ခဲ့ပါတယ်-

(က) ဦးစဝ်အောင်မြတ် — ဒုတိယဥက္ကဋ္ဌ
(ခ) ဦးခွန်ရဲထွေး — လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
(ဂ) ဒေါက်တာညီညီအောင် — သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး
(ဃ) ဦးစိုင်းစွံဆိုင်း — စည်ပင်သာယာရေးဝန်ကြီး
(င) ဦးဝေစန်း — ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
(စ) ဦးခွန်မောင်ဖြူ — ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
(ဆ) ဦးသိန်းဇော် — မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
(ဇ) ဦးစိုင်းခမ်းမြတ် — တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)



D/real(wide) (7

| | | |
|---|---|---|
| (ဈ) | ဦးစိုင်းဝန်းဆမ် | မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) |
| (ည) | ဦးအန်းဂျေလို | ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| (ဋ) | ဦးအောင်မင်း | ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန |
| (ဌ) | ဦးမျိုးမင်းထွန်း | ဦးစီးအရာရှိ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး |

တို့ဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ခေါင်းဆောင်သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့နှင့်ပေကျင်းမြို့များသို့ တရားဝင်သွားရောက်ခဲ့သည့် အဆိုပါ လေ့လာရေးခရီးစဉ်အား ပြည်နယ် လွှတ်တော်သို့ အသိပေးပါတယ်။ ၎င်းလေ့လာရေးခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးပြောင်းလဲတာဝန်ပေးအပ်သည့် တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးပြောင်းလဲရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းကို တင်သွင်း



D/real(wide) (8)



ကိုယ့်တာဝန်မခွဲခြားဘဲနဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီအစည်းအဝေးဟာ အရေးပေါ်အစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးခေါ်ယူရခြင်းရဲ့ ရည်ရွယ်ချက်ကို မဏ္ဍိုင်အဖြစ် ဆောင်ရွက်တာဖြစ်တဲ့အတွက် အခြားကိစ္စရပ်များကို အလေးပေး မဆောင်ရွက်နိုင်တာကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်စေလိုပါတယ်။ နိဂုံးချုပ်အားဖြင့် ယခုလို လွှတ်တော် အစည်းအဝေးကို မြန်မြန်ဆန်ဆန် ခေါ်ယူပြီး တစ်ဆက်တည်း ကျင်းပတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မပျက်မကွက် တက်ရောက်တဲ့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ လွှတ်တော်ခိုင်မာရေး အတွက် တည်ဆောက်ကြရာမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စိတ်ဓါတ်ကောင်းမွန်မှန်ကန်ရေး၊ ဒီမိုကရေစီကျင့်စဉ်များကို စနစ်တကျ ကျင့်သုံးရေးနှင့် တိုင်းရင်းသားပြည်သူများရဲ့ ပြဿနာကို သိရှိ နားလည်ပြီးတော့မှ ၎င်းတို့ကို ကိုယ်စားပြုတဲ့အတွက် ဒါဟာ အရေးကြီးပါတယ်။ ယနေ့ကျင်းပတဲ့ အရေးပေါ်အစည်းအဝေးကြီး အထမြောက် အောင်မြင်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရင်း လွှတ်တော်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါစို့။ မကြာမီကျင်းပမည့် လွှတ်တော်အစည်းအဝေးများမှာ ယခုထက် ပြည့်ပြည့်စုံစုံ တက်ရောက်နိုင်ကြပြီး ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ဆုံတွေ့ကြပါစို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လာတဲ့ တပ်မတော်သားကိုယ်စားလှယ် အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြု တင်သွင်းပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်မေတ္တာပို့ သအပ်ပါ တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ရန် အမည်စာရင်း အဆိုပြုတင်သွင်းသွားမှာဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ (၂၈-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၂ /၈၀၄၄/ ၂၅ / ဦး ၃ ဖြင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ကြည်း - ၁၉၇၂၉ ၊ ဗိုလ်မှူးကြီးစိုးမိုးအောင်အစား ကြည်း-၂၃၉၁၁၊ ဗိုလ်မှူးကြီးနိုင်ဝင်းအောင်ကို ခန့်အပ်နိုင်ရေး အတည်ပြု ရွေးချယ်ပြီး ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂ အရ ဆက်လက် ဆောင်ရွက်ပေးနိုင်ပါရန် ပေးပို့ လာပါတယ်။ သို့ဖြစ်ပါ၍ ကြည်း- ၂၃၉၁၁၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်အား ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂ အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးအဖြစ် အတည်ပြုခန့်အပ်နိုင်ရေး အမည်စာရင်း တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ



D/real(wide) (9



**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက် တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။

အားလုံးထိုင်နိုင်ပါပြီ။ မိမိတို့သတ်မှတ်ထားသောနေရာမှာ နေရာယူပေးဖို့ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော် ကိုယ်စားလှယ်(၃)ဦးက မေးမြန်းထားတဲ့ မေးခွန်း

များကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းမြထွေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါရှင်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ကိုတက်ရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ သက်ဆိုင်ရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေးပဲ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မမေးမြန်းမဲ့ မေးခွန်း အကြောင်းအရာကတော့ တိုင်ကြားစာများစိစစ်ရေးကော်မတီမှ စိစစ် တင်ပြပြီးစီးသောအမှုများကို သက်ဆိုင်ရာများမှ စီရင်ဆုံးဖြတ်မိန့် ချပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းဘဲဖြစ်ပါတယ် ရှင်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင်၊ ပြည်သူလူထုထံမှ ခံစားနေရသော မကျေနပ်မှုတို့ကြောင့် တိုင်ကြားလာသော အမှုကိစ္စတို့ကို ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စား ကွင်းဆင်းစိစစ်ပေးရန် တိုင်ကြား စာများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်ရှင်။ တိုင်ကြားစာများ စိစစ်ရေးကော်မတီမှလည်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ စီမံချက်(၁) ၊ စီမံချက်(၂)၊ စီမံချက်(၃) ဟု စီမံချက်များရေးဆွဲပြီး လွိုင်လင်၊ မိုင်းပွန်၊ ပင်လုံ၊ လဲချား ၊ မိုးနဲ၊ နမ့်စန်၊ ကလော၊ အောင်ပန်း၊ ညောင်ရွှေ၊ ရွှေညောင်၊ အေးသာယာ၊ အောင်သပြေ၊ တောင်ကြီး စသောမြို့များသို့ အမှုပေါင်း (၃၀)ကျော်ကို ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ပြီး တွေ့ရှိချက်များကို



D/real(wide) (1



ဝန်ကြီးအဖြစ် အစားထိုးပြောင်းလဲရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းလာသော ကြည်း-၂၃၉၁၁၊ ဗိုလ်မှူးကြီးနိုင်ဝင်းအောင်အား လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တင်သွင်းသည့် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်အား ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုး ပြောင်းလဲခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူမှ ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ကတိသစ္စာ မပြုရသေးသော ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသူ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူမှ လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်မှာ နေရာယူပေးဖို့ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာများ တင်ခဲ့သည်ဟု ကြားသိရပါတယ်ရှင်။ သို့သော် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၎င်းအမှုများနှင့်ပတ်သက်၍ တစ်မှုမှုကိုပင် ဆုံးဖြတ်ပေးခြင်း မရှိသေးသည်ကို တွေ့ရှိရပါတယ်။ ပြည်သူထဲဆင်းပြီး ကြားသိလာရသော ပြည်သူ့အသံအရ အစဦးပိုင်းတွင် အားတက်သရောရှိသော်လည်း ကွင်းဆင်းစိစစ်ပြီး မည်သည့်ထူးခြားမှုမှ မရှိသည့်အပေါ် အားမလို အားမရ ဖြစ်လာရပါတယ်။ ကြာလျှင် လွှတ်တော်ပုံရိပ်၊ လွှတ်တော်ကော်မတီပုံရိပ်နှင့် မြို့နယ်လွှတ်တော် ကိုယ်စားလှယ် ပုံရိပ်တို့ပါ ထိခိုက်လာနိုင်ပါတယ်။ တိုင်ကြားစာများစိစစ်ရေး ကော်မတီမှ စိစစ်တင်ပြပြီးစီးသော အမှုများကို သက်ဆိုင်ရာမှ စီရင်ဆုံးဖြတ် မိန့်ချပေးရန် အစီအစဉ် ရှိ/ မရှိကို ပြည်သူလူထု ကိုယ်စား လွှတ်တော်မှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးမှဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါ်နန်းမြထွေး တင်သွင်းတဲ့ တိုင်စာများနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရမှ စီရင်ဆုံးဖြတ်ပေးရန်





ခြံမြေကိစ္စ စိစစ်ပေးပါရန်နှင့် တင်ပြလာမှုနှင့် ပတ်သက်ပြီး ကျေနပ်မှုမရှိပါက ဥပဒေကြောင်းအရ ဆောင်ရွက်သွားရန်၊ တိုင်ကြားသူအား ခေါ်ယူအသိပေးရှင်းလင်းရန်နှင့် ဆောင်ရွက်ပြီးစီးမှုအားပြန်လည်တင်ပြရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ တောင်ကြီးမြို့၏ (၇-၉-၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၉၇၂၂/၅-၁၇၀/အစရ(ရှမ်း)ဖြင့် ခရိုင်စီ/ခန့် သို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

(၄) ညောင်ရွှေမြို့နေ ဦးချစ်ထွေးမှ မူလစာသင်ကျောင်းမြေအား ပြန်လည်အသုံးချခွင့် ပြုပေးနိုင်ပါရန်တင်ပြလာမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့၏ (၁၅-၉-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၁၀၁၉၂/၅ - ၁၇၀/ အစရ(ရှမ်း)ဖြင့် ပြည်နယ်လယ်/စီ/အင်း၊ ပြည်နယ် စိုက်ပျိုးရေး၊ ပြည်နယ်ပညာရေး၊ ခရိုင်စီ/ခန့်သို့ စိစစ်တင်ပြရန်အကြောင်းကြားထားပြီးဖြစ်ပါတယ်။

(၅) ကလောမြို့၊ ရပ်ကွက်(၁၀)၊ အကွက် ၅၃နေ ဦးထွန်းဝင်းမှ ကလောမြို့၊ စစ်ဦးစီးတက္ကသိုလ်အနီး မိသားစုပိုင်မြေ (၃)ဧကခန့်အား ပြန်လည်ရယူလိုမှုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်မြေ /စစ်၏ ၁၃-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆၂၂/၇ -၆၂၂ /မြေ /စစ် (ရှမ်း)ဖြင့် တရားဥပဒေကြောင်း အရ ဖြေရှင်းဆောင်ရွက်သွားရန်၊ ကာယကံရှင်များအား အသိပေး ရှင်းလင်းဆောင်ရွက်သွားရန် ခရိုင်မြေ/စစ်၊ တောင်ကြီးမြို့သို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။

(၆) ဦးချစ်ထွေး၊ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရွှေရန်ပြေအခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ညောင်ရွှေ မြို့နယ်မှ ညောင်ရွှေမြို့နယ်၊ တိလောကျေးရွာအုပ်စု၊ တိလောကွင်း အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၁/ခ၅)၊



D/real(wide) (1

မြေဧရိယာ(၅. ၈)ဧကရှိ ရွှေရန်ပြေအခြေခံပညာ အလယ်တန်းကျောင်းခွဲမြေနေရာကို တောင်သူပညာပေးစခန်းဖွင့်ရန် စိုက်ပျိုးရေးဦးစီးဌာနအား ခေတ္တခွင့်ပြုခဲ့သော်လည်း ၎င်းတို့ဌာနပိုင်မြေအဖြစ် မြေငှားဂရန် လျှောက်ထားရယူရန် ကြိုးပမ်းခဲ့သောကြောင့် အမြန်ဆုံးကွင်းဆင်းဖြေရှင်းပေးပါရန်တင်ပြမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်မြေ/စစ်၏(၂၈-၁၂-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၅၂၆၄ / ၇ - ၆၂၂/ မြေ/စစ်(ရှမ်း)ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားရန် ရှမ်းပြည်နယ်ပညာရေးမှူးရုံးနှင့် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။

(၇) တောင်ကြီးမြို့၊ နောင်လေကျေးရွာအုပ်စု၊ မဲတောင်းကျေးရွာအုပ်စုနေ ဦးခွန်ထွန်းရွှေပါ ၃၅ဦးမှ မြေပြန်လည် တောင်းခံခြင်းမှာ တောင်ကြီးကွန်ပျူတာတက္ကသိုလ်မြေ အားလုံးကိုပြန်လည်တောင်းခံနေခြင်းမဟုတ်ဘဲ တက္ကသိုလ်မြေ (၂၁၅)ဧကထဲမှ ဧကလျှော့ပေါ့ပေးရန် တင်ပြမှုနှင့်ပတ်သက်၍ မြေ/စစ်(ဗဟို)ကော်မတီ၏(၁၀-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၂၂၂/ ၁-ကော်မတီ/ မြေ(ဗဟို)/ ၂၀၁၇ ဖြင့် ပညာရေးဝန်ကြီးဌာနသို့ သဘောထားမေးမြန်းထားပါကြောင်း တင်ပြအပ်ပါတယ်။





အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စတင်မည်ဖြစ်ကြောင်း သိလိုသည့်မေးမြန်းချက်နှင့်ပတ်သက်ပြီး ပေးပို့လာသောတိုင်ကြားစာများအနက် ပြည်နယ်အစိုးရအဖွဲ့ကို ရောက်ရှိလာတဲ့တိုင်ကြားစာတူ (၈)ခုကို ဦးစွာတင်ပြသွားမှာဖြစ်ပါတယ်-

(၁) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နေ ဒေါ်အေးအေးခိုင်မှ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၄)ကျေးရွာမှ အိမ်တစ်လုံးနှင့် မြေ(၁၅) ဧကပေးအပ်ရန် တင်ပြချက်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊တောင်ကြီးမြို့၏(၁၄-၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၁၉၇၇ / ၅ - ၁၇၀ /အစရ(ရှမ်း)ဖြင့် ပြည်နယ်လယ်/စီ/အင်းသို့စိစစ်တင်ပြရန်အကြောင်း ကြားထား ပြီးဖြစ်ပါတယ်။

(၂) ကလောမြို့နေ ဒေါ်ခိုင်ဟေမာကိုမှ ကလောမြို့နယ်၊ လွယ်အံ့ကျေးရွာရှိ ၎င်း၏ ဥယျာဉ်ခြံမြေအား ရယူလိုခြင်းတင်ပြလာမှုနှင့် ပတ်သက်၍ လက်ရှိလမ်းဦးစီးဌာန၏ လမ်းမြေဧရိယာ(၁၃၀)ပေနှင့် ကလောရေဝပ်ဧရိယာအတွင်းမြေနေရာအား အရပ်သဘောပိုင်ဆိုင်မှုသဖွယ် တင်ပြလာခြင်းအား လက်ခံစဉ်းစားရန်လိုအပ်မည်မဟုတ်ကြောင်း၊ အကြံပြုချက်ပါအတိုင်းဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊တောင်ကြီးမြို့၏ (၇-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၉၇၂၂ / ၅ - ၁၇၀ / အစရ (ရှမ်း)ဖြင့် ခရိုင်စီ/ ခန့်သို့ စိစစ်တင်ပြရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။

(၃) လင်းခေးခရိုင်၊ မိုးနဲမြို့နေ ဦးလုံးစောနမှ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာ၊

(၈) တောင်ကြီးမြို့နေ ဦးတပိုးပါ(၂)ဦးမှ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နောင်အင်(၄)ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၂)၊ မြေဧရိယာ (၆. ၃၂)ဧကအား မြို့တော်ခန်းမ၊ ရုပ်ရှင်ရုံ(Convention Center)အဖြစ် သတ်မှတ်ထားသော မြေနေရာဖြစ်ပါတယ်။ ပိုင်ရှင်မှ ပြန်လည်ရယူလိုခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်မြေ/စစ်၏ ၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၄၁၅၄ /၇-၆၂၂ /မြေ/စစ်(ရှမ်း)ဖြင့် ခရိုင်မြေ/စစ်သို့ စိစစ်တင်ပြရန် အကြောင်းကြားထားပြီး ၂၉-၃-၂၀၁၇ရက်စွဲပါစာအမှတ်၊၃၈၇၈/၇-၆၂၂/မြေ/စစ်(ရှမ်း)ဖြင့် ပြည်နယ်မြေစာရင်းသို့ စိစစ်တင်ပြရန် နှိုးဆော်အကြောင်းကြားထားပြီးဖြစ်ပါတယ်။

(၉) ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးမြို့၏ (၃၁-၅-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅ / ၁၀-၂ (၅)/လွှတ်တော်(ရှမ်း)ဖြင့် ပေးပို့လာတဲ့ တိုင်ကြားစာ(၂၁)စောင်အနက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်ရိုက်လိပ်မူပြီး တိုင်ကြားသည့်စာမှာ(၄)စောင်နှင့် ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တိုက်ရိုက်လိပ်မူ၍ တိုင်ကြားသည့်စာ(၄)စောင်၊ စုစုပေါင်း(၈)စောင်သာ လက်ခံရမှုအပေါ်မှာ အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်မှ ပေးပို့လာသည့် တိုင်ကြားစာများမှာ စိစစ်ရေးကော်မတီ၏ ကွင်းဆင်းစိစစ်ချက်၊ တွေ့ရှိချက်၊ အကြံပြုချက်၊ သုံးသပ်ချက်များသာ ပေးပို့လာပြီး အမှုတွဲများ ပူးတွဲပေးပို့ခြင်းမရှိပါသဖြင့် ကျန်ရှိသည့် တိုင်ကြားစာ(၁၃)စောင်အား ဆက်လက်အရေးယူဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်ကြားစာ





လက်လုပ်လက်စားတိုင်းရင်းသားအများစု၏ မြေနေရာ အခက်အခဲများကို ဖြေရှင်းစေလိုသောအားဖြင့် ရွာမြေတိုးချဲ့ဖော်ထုတ်နေရာချထားနိုင်ရေးကို မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများပါဝင်တဲ့ အစည်းအဝေးကိုကျင်းပကာ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြပါတယ်။ ၎င်းအစည်းအဝေးတွင် လိုအပ်သောကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ကြီး)မှ အစိုးရကခွင့်ပြုထားတဲ့ ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာပုံစံ(၄)ကိုလည်း ထုတ်ယူလျက်ဖြည့်စွက်ပြီးဖြစ်ပါတယ်။ အခြားလိုအပ်သော စာရွက်စာတမ်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုလျက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ နေပြည်တော်သို့ လျှောက်ထားတင်ပြထားပြီးဖြစ်ပါတယ်။ ပြည်သူများကလည်း မြေကွက်များ ချပေးမည့်နေ့ကို အထူးပဲသိချင်နေကြပါတယ်။ ထို့ကြောင့် အဆိုပါမြေလွတ်၊မြေလပ်၊မြေရိုင်းများကို သက်ဆိုင်ရာမှ ဥပဒေနှင့်ညီညွတ်သည့်အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို လျှောက်ထားပြီးဖြစ်သည့်အတိုင်း ခွင့်ပြုနိုင်ခြင်းရှိ/မရှိနှင့် ခွင့်ပြုနိုင်ခြင်းမရှိက အဘယ့်ကြောင့် ခွင့်မပြုနိုင်သနည်း။ ခွင့်ပြုနိုင်လျှင် မည်သည့်အချိန်မှာ ခွင့်ပြုမည်နည်း စသည့်မေးခွန်းများကို ကြယ်ပွင့်ပြမေးခွန်းများအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ ကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလုံမေးမြန်းတဲ့ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ ခမ်းနားကျေးရွာအုပ်စု၊ မိုင်းကိုင် - လဲချား ကားလမ်းဘေး (လွိုင်လင်-ရှို့ကုန်း)ဝဲယာရှိ တောရိုင်းမြေအား မိုင်းကိုင်မြို့နယ်အတွက်-

(က) ရွာမြေ တိုးချဲ့ဖော်ထုတ်နေရာချထားရေး လျှောက်ထားခြင်းနှင့်ပတ်သက်၍ ခွင့်ပြုနိုင်ခြင်းရှိ/ မရှိ ၊

(ခ) ခွင့်ပြုနိုင်ခြင်း မရှိလျှင် အဘယ်အကြောင်းကြောင့် ခွင့်မပြုသနည်း၊

(ဂ) ခွင့်ပြုနိုင်လျှင် ခွင့်ပြုမည့်ကာလကို သိရှိလိုပါသည်။

ဟုမေးမြန်းခြင်းနှင့်ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်း၌ပါရှိသည့် မြေနေရာဟာ မြို့နယ် ရွာမြေတိုးချဲ့ဖော်ထုတ်ရေးအဖွဲ့မှ လျာထားသတ်မှတ်ခဲ့ခြင်းဖြစ်ပြီး မိုင်းကိုင်မြို့နယ်၊ ယမ်းနန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၄၈)၊ ခမ်းနား တောကွင်းအတွင်းရှိ ဧရိယာ (၂၀၆. ၆၁၂)ဧကရှိ တောရိုင်းမြေ အမျိုးအစားဖြစ်ပြီး မိုင်းကိုင်မြို့နှင့် (၂)မိုင်ခန့်၊ ယမ်းနန်းကျေးရွာနှင့် (၂)မိုင်ခန့်အကွာ မိုင်းကိုင်- လဲချား ကားလမ်းဘေးမှာ တည်ရှိပါ သည်။ ၎င်းမြေအား ရွာမြေတိုးချဲ့ခြင်းမဟုတ်ဘဲ ရွာအသစ်တိုး၍ ထူထောင်ဆောင်ရွက်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းသို့ ရွာသစ်အဖြစ် ထူထောင်မည့်မြေသည် တောရိုင်းမြေ ဖြစ်သဖြင့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရ ရွာမြေအဖြစ် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ဥပဒေ



D/real(wide) (1



မိတ္တူများပါ ပေးပို့နိုင်မှသာလျှင်ဖြေရှင်း ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာပြန်လည် ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန် ကောင်းတောင်းလိုက်ရပါတယ်။

ကျွန်တော်ကတော့ ရွာမြေတိုးချဲ့ရေးနှင့်ပတ်သက်သော ကြယ်ပွင့်ပြမေးခွန်း မေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ရဲ့ မိုင်းကိုင်မြို့နယ်တွင် တစ်နေ့တစ်ခြား လူဦးရေတိုးတက် များပြားလာပါတယ်။ အိမ်ထောင်ခွဲများလည်း များပြားလာပါတယ်။ တစ်နယ်တစ်ကျေးသို့သွားရောက်၍ ဝမ်းစာရှာစားသူများ အလွန်များ ပါတယ်။ အိမ်ထောင်စုဝန်ထမ်းများလည်း များပြားလာပါတယ်။ တခြားမြို့နယ်မှ မိုင်းကိုင်မြို့ကို ပြောင်းရွှေ့နေထိုင်ချင်သူများလည်း အများကြီးရှိပါတယ်။ ထိုသူများထဲက အိမ်ဆောက်ရန်မြေနေရာ လိုအပ်နေတဲ့သူတွေများစွာ ရှိပါတယ်။ ဝယ်ရန်လည်းဈေးနှုန်းမှာ ၃၀၀၊ ၄၀၀ မှ ၁၀၀၀ကျော်ထိဖြစ်နေပါသဖြင့် နိုင်ငံခြားသားများမှလွဲ၍ တိုင်းရင်းသားများထဲမှ ဝယ်နိုင်သူမရှိကြပါ။ ထို့ကြောင့် အဆိုပါ

ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)နှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ခွင့်ပြုမိန့်လျှောက်ထားရမှာဖြစ်ပါသည်။ ယင်းသို့ လျှောက်ထားရယူ ရမည်ဖြစ်သဖြင့် အဆိုပါ မြေအား (ဝမ်ယက်/ခမ်းနား)ယမ်းနန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအိုက်ဆာ (ခ) ဦးလုံးဆာ(ခ) ဉာလိန္တမှ (၁၆-၃-၂၀၁၇)ရက်စွဲဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ လျှောက်ထားမှုအပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲ ရေးဗဟိုကော်မတီမှ (၆-၄-၂၀၁၇)ရက်စွဲဖြင့် နည်းဥပဒေ ၆ အရ လွှဲပြောင်းပေးပို့ပြီး ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ (၁၅-၅-၂၀၁၇) ရက်နေ့တွင် နည်းဥပဒေ ၇ အရ အမှုတွဲတည်ဆောက်ရန် လွှဲပြောင်းပေးပို့လာမှု အပေါ် ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ (၁၉-၅-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ လွိုင်လင်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၂၉-၅-၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ မိုင်းကိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ နည်းဥပဒေ ၈ အရ အမှုတွဲလွှဲပြောင်းပေးပို့ထားပြီးဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နည်းဥပဒေ ၉၊၁၀၊၁၁ တို့အရ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲတည်ဆောက်ခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်းတို့ကို စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ နည်းဥပဒေ ၉ ၊ ၁၀ ၊၁၁ တို့အရ စိစစ်ပြီးပါက နည်းဥပဒေ ၁၂(က)၊ (ခ)တို့အရ ခရိုင်၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအဆင့်ဆင့်သို့ သဘောထားမှတ်ချက်နှင့်အတူ ပေးပို့တင်ပြရမှာဖြစ်ပါတယ်။ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်





ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့ မေးမြန်းသွားမယ့် မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြားချိုင့်ကျေးရွာအုပ်စု၊ ဟဲနင်းကျေးရွာမှ တာဝန်ရှိသူများက ၁၄-၀၂ ခေါင်းစဉ်အောက်မှ ရန်ပုံငွေတောင်းခံခြင်း၊ ခန့်မှန်းကုန်ကျငွေ အသေးစိတ်တွက်ချက်မှုစာရင်းစာအုပ်များ ပေးပို့လာသဖြင့် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြားချိုင့်ကျေးရွာအုပ်စု၊ ဟဲနင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်မျက်နှာကြက်တပ်ဆင်ရန်နှင့် အမိုးပြုပြင်ရန်(ကျောင်းဆောင်ပြုပြင်ရန်) လိုအပ်သည့် ငွေ ၃၈၂၀၀၀ဝိ/- (ကျပ်သုံးဆယ့်ရှစ်သိန်းနှစ်သောင်းတိတိ)ကို ထောက်ပံ့ပေးရန်အစီအစဉ် ရှိ/ မရှိကို အများပြည်သူသိရှိနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြေခြားချိုင့်ကျေးရွာအုပ်စု၊ ဟဲနင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းပိုင်မြေ (၀. ၇၇)ဧကရှိပြီး မြေပိုင်ဆိုင်မှုပုံစံ (၁၀၅)ရှိပါတယ်။ စာသင်ဆောင်များမှာ အဆောင် ၁ (၆၃× ၂၅)ပေ သွပ်မိုး၊ အုတ်ညှပ် (ပင်မဆောင်)၊ အဆောင် ၂ (၅၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (တိုးချဲ့ဆောင်)၊ အဆောင် ၃ (၂၅×၂၀)ပေ သွပ်မိုး၊ အုတ်ညှပ်ဆောင်(ကျောင်းအုပ်ကြီးရုံးခန်း)ရှိပါတယ်။ ကျောင်းသားဦးရေမှာ KG (၁၃)ဦး၊ ပထမတန်း (၁၇)ဦး၊ ဒုတိယတန်း(၁၃)ဦး၊ တတိယတန်း(၁၁)ဦးနှင့် စတုတ္ထတန်း(၁၂)ဦး၊ စုစုပေါင်း ကျောင်းသူ/သား (၆၆)ဦးရှိပါသည်။ (၆၃×၂၅)ပေ အဆောင် ၁ (ပင်မဆောင်)သည် အမိုးများ ဟောင်းနွမ်း ပျက်စီးနေပါသဖြင့် အမိုးပြုပြင်ရန်နှင့် မျက်နှာကြက်တပ်ဆင်ရန် ငွေကျပ် (၃၀)သိန်းတိတိ ကို ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏(၂၈-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ဌာနခွဲ ၃ /၂၀၅၂ /အဆအ (၁၇) အရ ၀၄-၀၂မှ ခွဲဝေပေးထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။





စာရင်းအင်းဦးစီးဌာနမှ နည်းဥပဒေ ၁၂(က)၊ (ခ)တို့အရ လုပ်ငန်းစာတွဲကို စိစစ်၍ ပြည်နယ်လုပ်ငန်းအဖွဲ့သို့ ပေးပို့ပြီး ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၃၊ ၁၄၊ ၁၅ တို့အရ ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်များရယူပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ နည်းဥပဒေ ၁၆၊၁၇၊၁၈၊၁၉၊၂၀ တို့အရ စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မေးခွန်းတွင်ပါရှိသည့် မြေနေရာသည် ရွာမြေတိုးချဲ့ ဖော်ထုတ်ရန်ဟု ပါရှိသော်လည်း မူလကျေးရွာဖြစ်သည့် ယမ်းနန်းကျေးရွာနှင့် (၂)မိုင်ခန့်အကွာတွင် တည်ရှိသောကြောင့် ကျေးရွာအသစ် ဖွဲ့စည်းရန်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄တွင် **'သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် (သို့မဟုတ်) ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် (သို့မဟုတ်) အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်'** ဟု ပြဋ္ဌာန်းထားရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းနှင့် စပ်လျဉ်းပြီး ရွာသစ်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လိုသည့်မြေနေရာသည် တောရိုင်းမြေဖြစ်သဖြင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ရွာမြေအဖြစ်အသုံးပြုရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ ခွင့်ပြုမိန့်ရရှိနိုင်ရေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ကျေးရွာအသစ်အဖြစ် ထည့်သွင်းပြီး ကျေးရွာအုပ်စု ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ပြန်တမ်း ထုတ်ပြန်နိုင်ရေး

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယမေးခွန်းနှင့် တတိယမေးခွန်းကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဆက်လက် မေးမြန်းသွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများသည် နိုင်ငံတော်အစိုးရက ရောင်းချတဲ့ အောင်ဘာလေ ထီလက်မှတ်များကို တစ်နေ့ထက်တစ်နေ့ များပြားစွာဝယ်ယူ အားပေးလျက်ရှိပါတယ်။ အောင်ဘာလေ ထီလက်မှတ်စျေးနှုန်းများကို နိုင်ငံတော် အစိုးရကသတ်မှတ်သော စျေးနှုန်းဖြစ်သည့် တစ်စောင်လျှင် (၅၀၀)ကျပ်နှုန်းဖြင့် အရောင်းဆိုင်များက ရောင်းချပေးလျက်ရှိပါတယ်။ ဝယ်ယူသူများကလည်း တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိရာ အခွန်အခများကိုလည်း ပိုမိုရရှိစေပါတယ်။ ဒါကြောင့် တရားဥပဒေ စိုးမိုးရေးကို ရှေးရှုပြီးတော့ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် အောင်ဘာလေ ထီလက်မှတ်ရောင်းချသော အရောင်းဆိုင်များသည် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် အောင်ဘာလေထီလက်မှတ် တစ်စောင်ကို ကျပ်(၅၀၀)အထက် ရောင်း/ မရောင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက မည်သို့ စုံစမ်းမေးမြန်း စစ်ဆေးခြင်းများကို မည်သို့ စီစဉ်ဆောင်ရွက်၍ သတ်မှတ်စျေးနှုန်းထက် ပိုရောင်းချသော အရောင်းဆိုင်များရှိပါက တရားဥပဒေစိုးမိုးရေးကို ရှေးရှု၍ နေ့စဉ် လျှင်မြန်ထိရောက်စွာ မည်သို့အရေးယူ ဆောင်ရွက်နေကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။



D/real(wide) (1



ဆောင်ရွက်နေကြောင်း အများပြည်သူသိရှိနိုင်ရန် ကြယ်ပွင့်ပြ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးမှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ဘာလေထီ လက်မှတ်အရောင်းဆိုင်ဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ နိုင်ငံတော် အစိုးရကနေ နည်းသစ်စနစ်သစ်နဲ့ ကျွန်တော်တို့ထမ်းရွက်ပြီးတော့ ရောင်းချနေတာ ယခုဆိုလျှင် အပတ်စဉ်(၄)ကြိမ်မြောက်ရှိသွားပါပြီ။ ကျွန်တော်တို့ ခေတ်စနစ်နှင့်အညီ ပြည်သူပြည်သားများအတွက် ထိုက်သင့်တဲ့ ဆုကြေးတွေ ပေါက်မဲတွေကို ထိုက်ထိုက်တန်တန် ဆုချထားတာရှိပါတယ်။ အဲ့ဒီတော့ အရောင်းဆိုင်များကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရက သတ်မှတ်ထားတဲ့ စျေးနှုန်းထက် ပိုရောင်းချတဲ့အရောင်းဆိုင်များဖြစ်ပေါ်ပြီး တိုင်ကြားမှုများရှိ လာခဲ့ပါက-

(က) အောင်ဘာလေသိန်းဆုဌာနခွဲ(သို့) ပြည်တွင်းအခွန်ဦးစီးမှူးရုံးနှင့် ပဋိညာဉ်ချုပ်ဆိုထားသော ကိုယ်စားလှယ်ဖြစ်ပါက အမည်ပျက်စာရင်း (Black List)အဖြစ် သတ်မှတ်ပြီး လစဉ်ထီစာအုပ် ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ပေးသွင်းထားသော အာမခံငွေ (Deposit)များအားလုံးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းများ ဆောင်ရွက်ပါမယ်။

(ခ) ကိုယ်စားလှယ်များထံမှတစ်ဆင့် ဝယ်ယူရောင်းချသူများဖြစ်ပါက ခေါ်ယူစစ်ဆေးပြီး သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းမပြုလုပ်တော့ပါကြောင်း ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်းဖြင့် နောင်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူး

ရုံးမှတစ်ဆင့် ထီစာအုပ်ဝယ်ယူခွင့် လျှောက်ထား၍ ရောင်းချစေခြင်းတို့ကို အသိပေးလျက် နေ့စဉ် လျှင်မြန်ထိရောက်စွာအရေးယူ ဆောင်ရွက်နေပါကြောင်းနှင့် ထီလက်မှတ် တစ်စောင်ခြင်းကိုဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ ရောင်းချရာတွင် ထီလက်မှတ်ပါ တန်ဖိုးထက် ပိုမိုရောင်းချသူများ တွေ့ရှိပါက သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများအပြင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း ပြောကြားလိုပါတယ်-

(၁) ပြည်တွင်းအခွန်များဦးစီးဌာန (နေပြည်တော်)
 ၀၆၇-၄၃၀၀၀၅

(၂) အောင်ဘာလေသိန်းဆုခွန်ဌာနခွဲ(ရန်ကုန်)
 ၀၁-၂၄၉၂၇၃

(၃) အောင်ဘာလေသိန်းဆုခွန်ဌာနခွဲ(မန္တလေး)
 ၀၂-၃၅၉၁၃

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုထီအရောင်း ကိုယ်စားလှယ်ခွဲလေးတွေ မြေပြင်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများအနေနဲ့ တွေ့ရှိချက်၊ အကြံပေးချက်များရှိခဲ့မယ်ဆိုပါက အကြံပြုနိုင်ပါကြောင်းနှင့် မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို အကြံပြုနိုင်ပါကြောင်း ဖိတ်ခေါ်ပါတယ်။ အောင်ဘာလေထီ ဥပဒေနှင့် ပတ်သက်ပြီးတော့မြေပြင်မှာ ကိုက်ညီမှုမရှိဘူးဆိုရင်လည်းဘဲ ဥပဒေပြုလွှတ်တော်မှာ တင်ပြပြီး ပြုပြင်ပြောင်းလဲနိုင်ပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (1



တတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် စာရင်းရုံးများသည် နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများ ပြုလုပ်ရန်အတွက် ချမှတ်ထားသော ဘတ်ဂျက်ငွေများ၏ စာရင်းဇယားများကို စစ်ဆေးသည့်အခါ ယခင်နှင့်ယခု အစိုးရလက်ထက်များတွင်ခေါင်းစဉ်ပြောင်းပြီး ပြုလုပ်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ရှိ/မရှိနှင့် ရှိပါက မည်သည့်မြို့နယ်၊ မည်သည့်စီမံကိန်းလုပ်ငန်း၊ မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မည်သည့်ခွင့်ပြုချက်ဖြင့် ပြုလုပ်ထားကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဘဏ္ဍာရေးဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခု ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းလာတဲ့ အောင်ဘာလေထီလက်မှတ် အရောင်းဆိုင်များ နိုင်ငံတော်အစိုးရမှ သတ်မှတ်ပေးထားသော အောင်ဘာလေထီလက်မှတ် တစ်စောင်ကို(၅၀၀)ကျပ်ထက် ပိုရောင်း/မရောင်း သက်ဆိုင်ရာတာဝန်ရှိသူများက မည်သို့စုံစမ်း စစ်ဆေး ခြင်းများ မည်သို့ဆောင်ရွက်၍ သတ်မှတ်ဈေးနှုန်းထက် ပိုရောင်းချသော အရောင်းဆိုင်များရှိပါက တရားဥပဒေစိုးမိုးရေးကို ရှေးရှု၍ နေ့စဉ်လျှင်မြန်စွာ ထိရောက်စွာ မည်သို့အရေးယူ

**ဦးစိုင်းရဲန်တစ်လုံး၊ ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး။**

ဆက်လက်ပြီး ကျွန်တော် မေးခွန်းတစ်ခုထပ်ဖြေပါမယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်စာရင်းရုံးများသည် နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် ချမှတ်ထားသော ဘတ်ဂျတ်ငွေများ၊ စာရင်းဇယားများကို စစ်ဆေးသည့်အခါ ယခင်နှင့်ယခု အစိုးရ လက်ထက်တွင် ခေါင်းစဉ်ပြောင်းပြီး ပြုလုပ်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ရှိ/မရှိနှင့် ရှိခဲ့ပါက မည်သည့်မြို့နယ်၊ မည်သည့် စီမံကိန်းလုပ်ငန်း၊ မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မည်သည့်ခွင့်ပြုချက်ဖြင့် ပြုလုပ်ထားကြောင်းကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ ပြုလုပ်ရန်အတွက် ချမှတ်ထားတဲ့ ဘတ်ဂျက်ငွေများ၏ စာရင်းဇယားများကို စစ်ဆေးတဲ့အခါမှာ ယခင်နှင့်ယခုအစိုးရလက်ထက်များတွင် ခေါင်းစဉ်ပြောင်းပြီး ပြုလုပ်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ရှိ/ မရှိနှင့် ရှိခဲ့မယ်ဆိုပါက မည်သည့်မြို့နယ် မည်သည့် စီမံကိန်းလုပ်ငန်းများ၊ မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်ခွင့်ပြုချက်ဖြင့် ပြုလုပ်ထားကြောင်း သိရှိလိုသော မေးခွန်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေကြားလိုပါတယ် -

(က) ခေါင်းစဉ်ပြောင်းဆောင်ရွက်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့် ရှိရမှာဖြစ်ပြီး၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့်များနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေး





စိစစ်ရေးကော်မတီသို့ တင်ပြရပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှစ၍ ငွေကျပ်သိန်း(၁၀၀)အထက် လုပ်ငန်းများကိုသာ တင်ဒါခေါ်ယူပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြရပါတယ်။ သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများသည် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိတဲ့ လုပ်ငန်းခန့်မှန်းခြေစာရင်းများကို ရှမ်းပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်အရည်အသွေးစိစစ်ရေးအဖွဲ့ဖြင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးပြီး လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်စေ၍ လုပ်ငန်းပြီးပါက တရားဝင်လွှဲပြောင်းအပ်နှံပြီးစီးမှသာ စာရင်းစစ်ရုံးအဆင့်ဆင့်မှ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ညွှန်ကြားချက်နှင့်အညီ တည်ဆောက်ရေးလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ အပ်ငွေလုပ်ငန်းများကို စစ်ဆေးလျက်ရှိပါတယ်။ ငွေလုံးငွေရင်းလုပ်ငန်းများ စစ်ဆေးတဲ့နေရာမှာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီရဲ့ ခွင့်ပြုမိန့်ရရှိပြီးသည့်အပြင် တည်ဆောက်ရေးလုပ်ငန်းပြီးစီး၍ ကန်ထရိုက်တာက သက်ဆိုင်ရာဌာနသို့ တရားဝင်လွှဲပြောင်းအပ်နှံပြီးသည့်လုပ်ငန်းကိုသာ စစ်ဆေးရန်နှင့် စစ်ဆေးရေးဝင်ရောက်ချိန်တွင် ယင်းအချက်များနှင့်မကိုက်ညီလျှင် ဌာနမှ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးလုပ်ငန်းကော်မတီသို့ မတင်ပြခြင်း၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ တင်ပြပြီးသော်လည်း ခွင့်ပြုမိန့်မရရှိသေးခြင်း၊ ခွင့်ပြုမိန့်ရရှိပြီးသော်လည်း လုပ်ငန်းမစတင်သေးခြင်း၊ လုပ်ငန်းစတင်ပြီးသော်လည်း လုပ်ငန်းမပြီးစီးသေးခြင်း၊ လုပ်ငန်းပြီးစီးသော်လည်း ကန်ထရိုက်တာမှ မအပ်နှံသေးခြင်းစသည်များကို အစီရင်ခံစာတွင် ပြည့်စုံစွာ ဖော်ပြ

ရပါတယ်။ ထို့ပြင် အောက်ပါအချက်များကိုလည်း လိုက်နာ ဆောင်ရွက်ရပါတယ်-

(က) ပြည်သူ့လုပ်ငန်းကို ဥပဒေ အခန်း(၂)၊အပိုဒ်(၂၇၄) အရ " မူခွင့်ပြုမိန့်ချမှတ်ထားပြီးသော လုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်ရာ၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်မလာသော လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေစဉ် စီမံကိန်းကိုတိုးချဲ့၍ ပြုလုပ်ရန်လိုအပ်ပါက နောက်ဆက်တွဲ ခန့်မှန်းခြေစာရင်းကိုရေးဆွဲ၍ ယင်းခန့်မှန်းခြေစာရင်းတွင် နောက်ဆက်တွဲ ပြုလုပ်ရန်လိုအပ်သော အချက်အလက်များကို အသေးစိတ်အစီရင်ခံစာဖြင့် ပူးတွဲပါရှိရပြီး အချုပ်စာရင်းသည် မူလခန့်မှန်းခြေစာရင်း၏ စုစုပေါင်း နောက်ဆက်တွဲငွေ အပါအဝင် လိုအပ်သော ခွင့်ပြုမိန့်၏ စုစုပေါင်းငွေကို ဖော်ပြရပါမယ်။

(ခ) ပြည်သူ့လုပ်ငန်းကို ဥပဒေ အခန်း(၂)၊အပိုဒ်(၂၇၅) တွင်အပိုဒ်(၂၇၄ )ဖော်ပြချက်မှအပ ခွင့်ပြုမိန့်ချမှတ်ပြီးသော ခန့်မှန်းခြေစာရင်းသည်ဈေးနှုန်းများ ပြောင်းလဲမှုရှိလျှင်လည်းကောင်း၊ ဒီဇိုင်းပုံစံ ပြောင်းလဲဆောင်ရွက်ရလျှင် သော်လည်းကောင်း၊ တစ်ခြားမမျှော်မှန်းနိုင်သော အကြောင်းကြောင့်လည်းကောင်း၊ မူလခန့်မှန်းခြေတန်ဖိုး၏ (၅)ရာခိုင်နှုန်းထက် ကျော်လွန်ပါက ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းကို ရေးဆွဲတင်ပြရမှာ ဖြစ်ပါတယ်။



D/real(wide) (2



ဝန်ကြီးဌာန၏ ၁-၄-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၃၅ / ၂၀၁၇၊ အပိုင်း(၁)၊ အခန်း(၆)၊ အပိုဒ် ၅၄ (ဂ)နှင့်အညီ ဌာန/အဖွဲ့အစည်းများ အလိုက် ရန်ပုံငွေလွှဲပြောင်း သုံးစွဲခွင့်ပြုနိုင်သော အာဏာပိုင်၏ ခွင့်ပြုချက်ရရှိမှသာလျှင် လွှဲပြောင်းသုံးစွဲနိုင်မည်ဖြစ်ပါသည်။

(ခ) ရန်ပုံငွေလွှဲပြောင်း သုံးစွဲခွင့်တင်ပြရာမှာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော စက်ပစ္စည်းကြီးကြပ်မှုနှင့်ဆောက်လုပ်ရေးကော်မတီ (ငွေလုံးငွေရင်း)၏ သဘောထားမှတ်ချက်များကို သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ရယူဆောင်ရွက်ထား ခြင်းရှိ/မရှိနှင့် လွှဲပြောင်းသုံးစွဲရမည့် အသုံးစရိတ်အတွက် ဒေသန္တရစီမံကိန်းများမှာ ပါဝင်ခြင်း ရှိ/မရှိ စစ်ဆေးရပါတယ်။ မရှိပါက စာရင်းစစ်မှ ကန့်ကွက်ချက် ရေးသားဖော်ပြမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းနှင့် ပတ်သက်တဲ့ အဆောက်အဦ၊ လမ်းတံတားများ ဆောက်လုပ်ရေး စံချိန်စံညွှန်းနှင့် ညီ /မညီကို စာရင်းစစ်အနေနဲ့ မည်သို့အတည်ပြု စစ်ဆေးခဲ့ကြောင်း သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ အဆောက်အဦများ၊ လမ်းတံတားများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ငွေလုံးငွေရင်း အသုံးစရိတ် များကို (၁-၄-၂၀၁၆) ရက်နေ့ မတိုင်မီ ကျပ်သိန်း(၅၀)နှင့်အထက် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူ၍ တည်ဆောက်ရေးလုပ်ငန်း

အထက်အပိုဒ်ပါ လုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ရာတွင် အောက်ပါအချက်အလက်များကိုလည်း လိုက်နာဆောင်ရွက်ရပါသည်-

(က) ခန့်မှန်းခြေစာရင်းပေါ် တွက်ချက်မှုကို စစ်ဆေးရာတွင် လျော့နည်း/ ပိုမိုတွက်ချက်မှုများအတွက် အသားတင်ငွေရပ်ကိုသာ ပြန်လည်ပေးသွင်းငွေအဖြစ် ဖော်ပြခြင်း၊

(ခ) မျက်မြင်စစ်ဆေးရာတွင် လျော့နည်း/ပိုမိုဆောင်ရွက်မှုတို့၏ အသားတင်တန်ဖိုးငွေကိုသာ ကွာခြားငွေအဖြစ် ဖော်ပြခြင်း၊

(ဂ) လုပ်ငန်းများရဲ့ ခန့်မှန်းခြေစာရင်းများကို စစ်ဆေးတဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြမ်းခင်းဧရိယာ(၁) စတုရန်းပေအပေါ် ခန့်မှန်းဈေးကျသင့်သည့်နှုန်း(PAE)နှုန်းဖြင့် ပထမဦးစွာ ချိန်ထိုးစိစစ်ရခြင်း၊ (PAE)နှုန်းထက် ကျော်လွန်ပါက ကျော်လွန်သည့် လုပ်ငန်းကိုသာ အခြေခံစံနှုန်း ဒေသအတည်ပြုဈေးနှုန်းဖြင့် အသေးစိတ် ချိန်ထိုးစိစစ်ရခြင်း၊

(ဃ) ခန့်မှန်းခြေငွေစာရင်းကို လုပ်ငန်းအခြေခံစံနှုန်းစာအုပ်ဖြင့်စစ်ဆေးရာတွင် လိုငွေ/ပိုငွေကို ခုနှိမ်ပြီး အသားတင်ငွေရပ်ကိုသာ ကွာခြားငွေအဖြစ် ဖော်ပြရခြင်း၊

(င) စုပေါင်းအသားတင် ကွာခြားငွေသည် လုပ်ငန်းတန်ဖိုး၏ (၅)ရာခိုင်နှုန်းထက် ကျော်/ မကျော် ထပ်မံစိစစ်ရခြင်း၊



D/real(wide) (2



## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇)ပထမနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) (ပထမနေ့)အစီအစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၇)အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါမယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇)

## ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ်

၄၄ -၂ /၂၀၁၇။ " ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း"

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် (၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။



D/real(wide) (2



(စ) (၅)ရာခိုင်နှုန်းအောက်ဖြစ်ပါက နိုင်ငံတော်ပြန်လည်ပေးသွင်းငွေနှင့် Revised Estimate ရေးဆွဲရန် စာရင်းစစ် ကန့်ကွက်ချက်အဖြစ် ဖော်ပြရန် မလိုခြင်း၊

(ဆ) (၅)ရာခိုင်နှုန်းထက်ကျော်လွန်ပါက ယင်းကွာခြားမှုအတွက် ဌာနဘက်မှ Revised Estimate ရေးဆွဲထားခြင်း ရှိ/မရှိ စစ်ဆေးရခြင်း၊ ရေးဆွဲထားပါက သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူပြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ ခွင့်ပြုချက်ရယူမှု ရှိ/မရှိကို စိစစ်ရပါတယ်၊

(ဇ) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ စိစစ်ဖြတ်တောက်ထားတဲ့ ပမာဏထက်ပိုငွေကိုသာ နိုင်ငံတော်ပြန်လည်ပေးသွင်းငွေအဖြစ် ဖော်ပြဖို့ ဖြစ်ပါတယ်၊

(ဈ) (၅)ရာခိုင်နှုန်းထက်ကျော်သည့် ကွာခြားငွေများအတွက် ဌာနမှ Revised Estimate ရေးဆွဲမှု မရှိပါက Revised Estimate ရေးဆွဲခြင်းမရှိခြင်းကို အစီရင်ခံစာ၌ ရေးသားဖော်ပြရခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၂၀-၂-၂၀၁၇) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ ဖြင့် ညွှန်ကြားချက်နှင့်အညီ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မှတ်တမ်းတင်ခြင်း

| | |
|---|---|
| **မှတ်တမ်းတင်ခြင်းအမှတ်** | |
| **၆၅-၂ / ၂၀၁၇။** | **'ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"** |

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက် (၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) ပထမနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။



D/real(wide) (2

D/real(wide) (2



မှတ်တမ်းတင်ခြင်းအမှတ်

၆၆-၂/၂၀၁၇။ "ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ရှန်ဟိုင်းမြို့နှင့်ပေကျင်းမြို့များသို့ တရားဝင်လေ့လာရေးခရီးစဉ်အား ပြည်နယ်လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း"

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက် (၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) ပထမနေ့၌ **"ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့နှင့် ပေကျင်းမြို့များသို့ တရားဝင်လေ့လာရေးခရီးစဉ်"** အား မှတ်တမ်းတင်သည်။